**ကျွန်ုပ်တို့ ကျေးရွာ ၃၄ ရွာမှ ရွာသား ၂၅၀၀ ကျော်သည် ဘူးသိုနှင့်လူသောမြို့နယ်၊ မူတြော်ခရိုင်အတွင်း ကျွန်ုပ်တို့၏နယ်မြေကိုသိမ်းပိုက်အခြေချထားသော မြန်မာ့တပ်မတော်အားဆန့်ကျင်ဆန္ဒပြခြင်းနှင့် မိမိတို့နယ်မြေမှ ချက်ချင်းထွက်ခွါသွားရန်တောင်းဆိုခြင်း**

မတ်လ ၂ ရက်၊ ၂၀၂၁ ခုနှစ်

ယနေ့ ဘူးသိုနှင့်လူသောမြို့နယ်၊ မူတြော်ခရိုင်၊ ကော်သူးလေနယ်မြေအတွင်း ရှိသော ကျွန်ုပ်တို့ ကျေးရွာ (၃၄) ရွာမှရွာသားများသည် ကျွန်ုပ်တို့၏နယ်မြေအတွင်း ဝင်ရောက်ကျူးကျော်သိမ်းပိုက်ထားသော၊ ကျွန်ုပ်တို့၏ အသက်အန္တရာယ်နှင့် ငြိမ်းချမ်းစွာအသက်ရှင်ရပ်တည်နေထိုင်မှုကို ခြိမ်းခြောက်နေသော မြန်မာ့တပ်မတော် အား ဆန့်ကျင်ဆန္ဒပြသည်။ မြန်မာ့တပ်မတော်မှ ကျွန်ုပ်တို့နယ်မြေမှ ချက်ချင်းထွက်ခွါသွားရန် တောင်းဆို သည်။

ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ပိုင်ပြဌာန်းခွင့်နှင့်စီမံအုပ်ချုပ်ခွင့်အပြည့်အဝရှိသော သံလွင်ငြိမ်းချမ်းရေးဥယာဉ် နယ်မြေတွင်နေထိုင်သည်။ ကျွန်ုပ်တို့နယ်မြေတွင် ကျွန်ုပ်တို့သာနိုင်ငံရေးအရ တရားဝင်အာဏာရှိသူအဖြစ် ကြေငြာသည်။ ဗဟိုချုပ်ကိုင်မှုချမှတ်ထားသော အုပ်ချုပ်ရေးစနစ်အားလုံးကို ဆန့်ကျင်သည်၊ ကျွန်ုပ်တို့ နယ်မြေအတွင်း စစ်အာဏာရှင်နှင့် ၎င်းတို့မှ ချမှတ်သည့်အုပ်ချုပ်ရေးစနစ်အားလုံးကို ဆန့်ကျင်သည်။ ကျွန်ုပ်တို့ နေထိုင်သော သံလွင်ငြိမ်းချမ်းရေးဥယာဉ်သည် သက်ရှိအားလုံးရှင်သန်ဖွံ့ဖြိုးရန်၊ လွတ်လပ်စွာနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကြသောနေရာတခုဖြစ်သည်။ မြန်မာ့တပ်မတော်မှ ကျူးကျော်ဝင်ရောက် နေခြင်းသည် ကျွန်ုပ်တို့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး၏ တန်ဖိုးနှင့်ကိုက်ညီမှုမရှိပါ။ မြန်မာ့ တပ်မတော်မှ အရပ်သားများအားပစ်ခတ်တိုက်ခိုက်မှုများအားလုံးရပ်တန့်ရန်နှင့် ကျွန်ုပ်တို့နယ်မြေမှ ချက်ချင်း ထွက်ခွါရန် တောင်းဆိုသည်။

ကျွန်ုပ်တို့သည် နှစ်ပေါင်း ၇၀ ကျော် မြန်မာ့တပ်မတော်၏လက်ထဲတွင် မရေမတွက်နိုင်သော လူအခွင့်အရေး ချိုးဖေါက်မှုမြောက်များစွာ ခံစားခဲ့ရပြီး ယခုအချိန်တွင် အဆုံးသတ်ရန်လိုအပ်သည်။ မြန်မာ့စစ်အစိုးရမှ ကျောထောက်နောက်ခံပေးထားသော မြန်မာ့တပ်မတော်မှ ကျူးလွန်သော ရာဇဝတ်မှုများအတွက် တာဝန်ခံ ရမည်။ နိုင်ငံတကာအသိုင်းအဝိုင်းများသည် နေ့စဉ်မိုမိုဆိုးဝါးလာသော မြန်မာ့တပ်မတော်၏ အကြမ်းဖက်မှု များကို လျစ်လျူရှု၍မရပါ၊ ၎င်းတို့ကျူးလွန်သောရာဇဝတ်မှုများအပေါ် တာဝန်ခံစေရန်အတွက် အရေးယူ ဆောင်ရွက်ရန်လိုအပ်သည်။ ကျွန်ုပ်တို့သည် ဘိုးဘွားပိုင်မြေများ ထိန်းသိမ်းသောသူ များဖြစ်သည့်အတွက် ကျွန်ုပ်တို့၏ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန်နှင့် ပြင်ပကျူးကျော်ဝင်ရောက်မှုများမှ ကာကွယ်ရန် တာဝန်ရှိသည်။

ကျွန်ုပ်တို့သည် မြန်မာ့တပ်မတော်မှ စစ်အာဏာသိမ်းမှုကို ပြင်းထန်စွာရှုံ့ချသည်။ ငြိမ်းချမ်းစွာဆန္ဒပြသူများအားအကြမ်းဖက်ရက်စက်ကြမ်းကြုတ်စွာဖြိုခွင်းနှိမ်နင်းမှုကိုလဲ ပြင်းထန်စွာရှုံ့ချသည်။ ကျွန်ုပ်တို့သည် စစ်အာဏာရှင်အား ဆန့်ကျင်ဆန္ဒပြသူများနှင့်အတူ ထောက်ခံရပ်တည်သည်။ တိုင်းရင်းသားများ တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်အပြည့်အဝရှိသော စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်သည်အထိ ကျွန်ုပ်တို့တိုက်ပွဲဝင်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအား ကျွန်ုပ်တို့၏ရှုန်းကန်မှု၊ တောင်းဆိုမှုများနှင့်အတူ ရပ်တည်ထောက်ခံရန် တိုက်တွန်းတောင်းဆိုသည်။

**ဆက်သွယ်ရန်**

ကရင်နှင့် မြန်မာ (ဘာသာစကား) - နော်သဲနေနှင့် စောလယ်ကလိလား +၆၆ ၈၉၂ ၆၆၈ ၅၇၃